လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)

အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


## (၁၂၉) နှစ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ မေဒေး အထိမ်းအမှတ် အခမ်းအနားများသို့ ပေးပို့သော ဂုဏ်ပြု သဝဏ်လွှာ

၁။ (၁၂၉) နှစ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ မေဒေး အခမ်းအနားတွင် သမိုင်းစဉ်တလျှောက် တိုက်ပွဲဝင်ခဲ့ကြသည့် အလုပ်သမားသူရဲကောင်းအပေါင်းအား မိမိတို့ပါတီက အလေးအမြတ် ဦးညွှတ် ဂုဏ်ပြုအပ်ပါသည်။

၂။ လက်ရှိ မိမိတို့တိုင်းပြည်တွင် တည်ဆဲ ဥပဒေများပါ အခွင့်အရေးများကိုပင် ခံစားခွင့်မရဘဲ လက်တစ်လုံးခြား အနိုင်ကျင့် ဖိနှိပ်ခံရမှုများကြောင့် အလုပ်သမားအခွင့်အရေးတိုက်ပွဲများ မကြာခဏ ဖြစ်ပေါ်နေလျက်ရှိသည်ကို တွေ့မြင်ရပေသည်။ လွတ်လပ်သောအလုပ်သမားသမဂ္ဂများ အမှန်တကယ် လှုပ်ရှားအသက်ဝင်နိုင်ခြင်းမရှိအောင်၊ တည်မြဲခြင်းမရှိအောင် နည်းမျိုးစုံဖြင့် နှောက်ယှက်ဟန့်တားခံနေရသည်မှာ လက်တွေ့ပင် ဖြစ်သည်။ ထို့ကြောင့် တည်ဆဲ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ နည်းဥပဒေများ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ အလုပ်ရုံဥပဒေ၊ ဆိုင်များနှင့် အလုပ်ဌာနဥပဒေ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဥပဒေ၊ လုပ်ခပေးရေးဥပဒေ စသည့် အလုပ်သမားဆိုင်ရာ ဥပဒေများအားလုံးပင် အလုပ်သမားများ လက်ငင်း ရင်ဆိုင်နေရသည့် နစ်နာမှုများကို အကာအကွယ်ပေးနိုင်ရန် လုံလောက်သည်အထိ ပြန်လည်သုံးသပ် ပြင်ဆင်သင့်သည်ဟု မိမိတို့ပါတီက သုံးသပ်မိ ပါသည်။

ထို့ပြင်မက နိုင်ငံတည်ဆောက်ရေး၌ အခရာကျလှသော အလုပ်သမားလူထုအတွက် ငွေကြေးဖေါင်းပွမှုနှုန်းထားနှင့် ကိုက်ညီသည့် အခြေခံလုပ်ခလစာ သတ်မှတ်နိုင်ရေးအပါအဝင် အလုပ်သမားအခြေခံရပိုင်ခွင့်များအား ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ထည့်သွင်း အကာအကွယ်ပေး အာမခံရန်လိုအပ်သည်ဟု မိမိတို့ပါတီက အလေးအနက် ယုံကြည်သည်။

၄။ မိမိတို့ မျှော်မှန်းယုံကြည်သော လွတ်လပ်ခြင်း၊ တန်းတူမျှတခြင်း၊ သွေးစည်းညီညွတ်ခြင်းတို့ ထွန်းကားသည့် အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ်တစ်ရပ် ပေါ်ပေါက်သည်အထိ အလုပ်သမားလူထုနှင့် အခိုင်အမာ သွေးစည်းလျက် လက်တွဲကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း ကတိဝိဉာဉ်ပြုလျက် ဤဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၁၉ ခုနှစ်၊ မေလ (၁) ရက်။